ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့

National Skills Standards Authority

ISO 9001 2015



# လမ်းညွှန်ချက်များ

## ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန
## တာဝန်ခံ

၂၀၁၉ ခုနှစ်

ပထမအကြိမ်ပြုစုခြင်းမူ

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မူပိုင်ခွင့်ဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု" စံ " သတ်မှတ်ပြဋ္ဌာန်း ရေးအဖွဲ့သို့ ကြိုတင်ခွင့်ပြုချက်မယူဘဲ မိတ္တူကူးယူခြင်းသို့မဟုတ် ဖြန့်ဝေခြင်း မည်သည့်ပုံစံဖြင့် ဖြစ်စေခွင့်မပြုပါ။

အသုံးပြုလိုပါကခွင့်ပြုချက်ရရှိရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်သို့ စာရေးသား၍ တောင်းခံရန်ဖြစ်သည်။

## စကားချီး

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု"စံ" များ ရေးဆွဲရေး ၊ မြန်မာ လုပ်သားထု ၏ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး နှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Labour, Immigration and Population ) ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများပါဝင်သော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority) ကို ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority) သည် လုပ်သားများကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် ရည်ရွယ်၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးကော်မတီ (Assessment Certification Committee (ACC) )အား ဖွဲ့စည်းခဲ့ပါသည်။ ACC သည် အသိအမှတ်ပြု ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနများအဖြစ် လျှောက်ထားလိုသည့် အဖွဲ့အစည်း များ/ ကုမ္ပဏီများ/ စက်ရုံအလုပ်ရုံများနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းများကို စစ်ဆေး၍ စစ်ဆေး အကဲဖြတ်ရေး ဌာနအဖြစ် အသိအမှတ်ပြုသည့် ကော်မတီ ဖြစ်သည်။ ACC ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ညွှန်ကြားရေးမှူး ချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးဆောင်ပါသည်။

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ"များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့်ပြင်ပ ပုဂ္ဂလိက အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များ ပါဝင်သော အလုပ်အကိုင် ဆိုင်ရာ ကဏ္ဍအလိုက် ကော်မတီ ၁၄ ခု ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ အလုပ်အကိုင်ဆိုင်ရာ ကဏ္ဍအလိုက် ကော်မတီ ၁၄ ခု သည် အမျိုးသားအဆင့်ကျွမ်းကျင်မှု အရည်အချင်းမူဘောင်နှင့်အညီ အလုပ်အကိုင် ၁၇၆ မျိုးကို ကျွမ်းကျင်မှု "စံ" များ ရေးဆွဲခဲ့ပါသည်။ အဆိုပါ အလုပ်အကိုင်များမှ ၁၀၂ မျိုးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၌ အလုပ်အကိုင် ဆိုင်ရာ ကဏ္ဍအလိုက်ကော်မတီများတွင် လျှပ်စစ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကော်မတီကို အသစ်ထပ်မံဖွဲ့စည်းခဲ့ပြီး ယခုအခါ စုစုပေါင်း အလုပ်အကိုင် ဆိုင်ရာ ကဏ္ဍ အလိုက် ကော်မတီ ၁၅ ခုကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂၀၁၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့ (NSSA) သည် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)နှင့် ဆွစ်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့(Swisscontact)တို့၏ အကူအညီဖြင့် အမျိုးသားအဆင့် အလုပ်အကိုင် ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်-၁ ကို လုပ်ငန်းခွင်အတွင်းရှိ ကျွမ်းကျင်မှုအသင့်အတင့်ရှိပြီးသော

အလုပ်သမားများကို စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ရှေ့ပြေးစီမံချက်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

ACC သည် အမျိုးသားအဆင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေး ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရန်အတွက် စစ်ဆေးအကဲဖြတ်ရေးဌာနများအား အသိအမှတ်ပြုပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ပါသည်။ ရှေ့ပြေးစီမံချက်အတွင်း စစ်ဆေးအကဲဖြတ်ရေးဌာနဆိုင်ရာ အရည်အသွေး သတ်မှတ်ချက် (Criteria) များကို စတင်သတ်မှတ်ခဲ့ပါသည်။

အဆိုပါ ရှေ့ပြေးစီမံချက်၏ လေ့လာတွေ့ရှိချက်များနှင့် ရလဒ်များအရ အရည်အသွေး အာမခံချက်ရှိသည့် စစ်ဆေးအကဲဖြတ်ရေးဌာနများ ဖြစ်ပေါ်လာစေရန်အတွက် စစ်ဆေးအကဲဖြတ်ရေး ဌာန တာဝန်ခံများ အသုံးပြုနိုင်ရန် ဤလမ်းညွှန်စာအုပ်ကို NSSA ၏မူဝါဒနှင့်အညီ အောက်ဖော်ပြပါ ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ဖြင့် ရေးသားပြုစုခဲ့ပါသည်–

ဦးကျော်ကျော်လွင်
တွဲဖက်အတွင်းရေးမှူး NSSA၊ ACC အဖွဲ့ဝင် (ညွှန်ကြားရေးမှူး ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
ဦးသောင်းဦး
အတွင်းရေးမှူး ACC(ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)
ဒေါ်ခင်မာအေး ၊
ACC အဖွဲ့ဝင်
(ဒုတိယညွှန်ကြားရေးမှူး ၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)
ဦးမင်းစိုး
ACC အဖွဲ့ဝင် ( မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း)
ဒေါ်လှလှသွယ်
ACC အဖွဲ့ဝင် (ကျောင်းအုပ်ကြီး ၊ ဗဟိုဆောက်လုပ်ရေး သင်တန်းကျောင်း သုဝဏ္ဏ)
ဦးမျိုးမင်းဦး
ACC အဖွဲ့ဝင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန)
ဦးအုန်းမြင့်
ACC အဖွဲ့ဝင် (ဒုတိယဥက္ကဋ္ဌ ၊ မြန်မာအင်ဂျင်နီယာအသင်း)
ဦးစိုးနိုင်
ကျွမ်းကျင်ပညာရှင် (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ဦးအောင်မျိုးသစ်

ကျွမ်းကျင်ပညာရှင် (အင်ဂျင်နီယာမှူး၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး)

ဦးဝင်းထွန်း

ကျွမ်းကျင်ပညာရှင် ( မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း)

ဦးလင်း

ဒုတိယဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဦးလှကြိုင်

တွဲဖက်အတွင်းရေးမှူး ၊ မြန်မာအင်ဂျင်နီယာအသင်း

ဦးစိုးဟန်

ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်း ကျောင်းသားဟောင်းများ အသင်း-MTA

NSSA Quality Team (ISO 9001:2015 QMS)

ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ-TVET နှင့် Swisscontact တို့မှ ဦးဆောင်၍ သက်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ကျွမ်းကျင်ပညာရှင်များ -

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ ဤလက်စွဲစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ပြန်လိုက်သည်။

ဥက္ကဋ္ဌ

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့်

အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးကော်မတီ

အကြောင်းအရာ


၁။ ရည်ရွယ်ချက် ........................................................................................... ၁

၂။ အဓိကလုပ်ငန်းနယ်ပယ် ........................................................................... ၁

၃။ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ......... ၁

၄။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံ၏ တာဝန်ဝတ္တရားများ ......... ၂

၅။ တာဝန်ခံ မှ စီမံဆောင်ရွက်ရမည့် အချက်များ ...................................... ၄

၆။ တာဝန်ခံ ၏ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် .................................. ၉

နောက်ဆက်တွဲ – တာဝန်ခံမှ လိုက်နာဆောင်ရွက်ရမည့် NSSA မှ သတ်မှတ်ထားသော ပုံစံများ

မှီငြမ်းစာရင်း

## ၁။ ရည်ရွယ်ချက်

ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်မှာ-

(က) အသိအမှတ်ပြုစစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ၊

(ခ) အသိအမှတ်ပြုစစ်ဆေးအကဲဖြတ်ရေးဌာန အနေဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်၊ စစ်ဆေးခံသူများအတွက် လိုအပ်ချက်များကို လမ်းညွှန်မှု ပေးနိုင်ရန်၊ အသိအမှတ်ပြု စစ်ဆေးအကဲဖြတ်ရေးဌာန သက်တမ်းတိုးခြင်း၊ ညွှန်ကြားချက်များကို လိုက်နာခြင်း နှင့် အရည်အသွေး အာမခံချက် ရှိစေခြင်းတို့ အတွက် တာဝန်ခံမှ စီစဉ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။

## ၂။ အဓိကလုပ်ငန်းနယ်ပယ်

စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံသည် အောက်ပါလုပ်ငန်းစဉ်များအတွက် တာဝန် ရှိသည်-

- ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ခြင်း
- ညွှန်ကြားချက်များ အကောင်အထည်ဖော်ခြင်း
- အရည်အသွေး အာမခံချက်ရှိစေခြင်း နှင့်
- စစ်ဆေးအကဲဖြတ်ရေးဌာန၏ အသိအမှတ်ပြုလက်မှတ် သက်တမ်း တိုးခြင်း
- စစ်ဆေးအကဲဖြတ်ခြင်းအတွက် ငွေကြေးစီမံခန့်ခွဲခြင်း

## ၃။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံဆိုသည်မှာ NSSA မှ အသိအမှတ်ပြု ထားသော ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းရှင်များ ၊ လုပ်ငန်း/ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲ အုပ်ချုပ်သူအဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြီး ACC မှ မှတ်ပုံတင်ထားသူကို ဆိုလိုသည်။

**မှတ်ချက်- အချိန်ကာလ အားလျော်စွာ စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံပြောင်းလဲပါက ACC သို့အကြောင်းကြားရမည်။**

## ၄။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးတာဝန်ခံများ၏ တာဝန်ဝတ္တရားများ

သက်ဆိုင်ရာ တာဝန်ခံသည် အောက်ပါတို့ကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ပါ သည်။

### (၄.၁) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်

- ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအစီအစဉ်များအတွက် အောက်ပါအချက်များကို ACC သို့ပြုစုတင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက် ရမည်-

(က) သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် စစ်ဆေး အကဲဖြတ်ရေး အစီအစဉ်နှင့် နှစ်အလိုက် စစ်ဆေး အကဲဖြတ်ရန် လျာထားသူဦးရေ

(ခ) စစ်ဆေးအကဲဖြတ်ရန် လျာထားသည့် ကာလ

(ဂ) စစ်ဆေးအကဲဖြတ်ရေး လုပ်ဆောင်ရာတွင် အသုံးပြုမည့် အထောက်အကူ ပြုပစ္စည်းများ

(ဃ) စစ်ဆေးအကဲဖြတ်ခံမည့် လျာထားဦးရေ အလိုက် ခန့်မှန်းကုန်ကျ စရိတ်

- ကျွမ်းကျင်မှုအသိအမှတ်ပြုစစ်ဆေးအကဲဖြတ်ခံယူ မည့်သူများအတွက် ဝန်ဆောင်မှု ပေးခြင်း၊

(က) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ စစ်ဆေးအကဲဖြတ်ရေး အစီအစဉ်များ ကြေငြာခြင်း၊

(ခ) စစ်ဆေးအကဲဖြတ်မှု ခံယူမည့်သူများနှင့် ၎င်းတို့၏ လုပ်ငန်းရှင်များ အတွက် စစ်ဆေး အကဲဖြတ်ခြင်း နှင့် စပ်လျဉ်းသည့် အချက်များ နှင့် စည်းကမ်း သတ်မှတ်ချက်များအား ရှင်းလင်းပြောကြားခြင်း၊ အလုပ် အကိုင်အလိုက် စစ်ဆေး ခံမည့်သူများ အတွက် လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဆက်လက် အကဲဖြတ်စစ်ဆေးခံယူမည့် ကျွမ်းကျင်မှု အဆင့်များအတွက် ဆွေးနွေးအကြံပြုခြင်း၊

(ဂ) စည်းကမ်းသတ်မှတ်ချက် နှင့် ကိုက်ညီသည့် စစ်ဆေးအကဲဖြတ်ခံ ယူလိုသူများအတွက် ပြည့်စုံသော လျှောက်လွှာများလက်ခံခြင်းနှင့် လုံခြုံစွာ စနစ် တကျထိန်းသိမ်းထားရှိခြင်း၊

(ဃ) စစ်ဆေးရေး အစီအစဉ် အတည်ပြုပြီးသည့်အခါ စစ်ဆေး အကဲဖြတ်မှု တွင် ပါဝင်ရန် အကြောင်းကြားခြင်း၊

(င) ACC မှ ခွင့်ပြုချက်ရရှိပြီးသော စစ်ဆေးအကဲဖြတ်မှုတွင် အရည်အချင်း ပြည့်မီသူ စာရင်းကို ဆက်သွယ်အကြောင်းကြားခြင်းနှင့် ကြေငြာပေးခြင်း၊

(စ) စစ်ဆေးအကဲဖြတ်မှုတွင် အရည်အချင်း ပြည့်မီသူများအား NSSA မှ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ် ထုတ်ပေး သည့်အခါထုတ်ယူနိုင်ရန် ဆက်သွယ်အကြောင်းကြားခြင်း၊ လက်မှတ် ထုတ်ပေးခြင်း၊

(ဆ) ကျွမ်းကျင်မှု အသိမှတ်ပြုလက်မှတ် ပျက်စီး / ပျောက်ဆုံးသည့် ကိစ္စရပ်များကို လိုအပ်သလို ကူညီဆောင်ရွက်ပေးခြင်း၊

- ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုတင်ပြခြင်း၊ စစ်ဆေးအကဲဖြတ်ပြီးနောက် အစီရင်ခံစာ၊ ပြည့်စုံသောလျှောက်လွှာ နှင့်လိုအပ်သော အခြားအထောက်အထားများကို (၇) ရက်အတွင်း ACC သို့ တင်ပြခြင်း။

**(၄.၂) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး အစီအစဉ် ရွှေ့ဆိုင်းခြင်းနှင့် ပြောင်းလဲခြင်း**

- ACC နှင့် NSSA မှ အတည်ပြုထားသည့် စစ်ဆေးရေး အစီအစဉ်အား အကြောင်း အမျိုးမျိုးကြောင့် ရွှေဆိုင်းခြင်းနှင့် ပြောင်းလဲခြင်းများ ဆောင်ရွက်လိုပါ က ACC သို့ အနည်းဆုံး (၇) ရက် ကြိုတင်၍ တင်ပြခြင်း၊
- ACC မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် အညီ ဆက်စပ်ပါဝင် သူများအား အကြောင်းကြားခြင်း။

**(၄.၃) ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးဌာန အား သက်တမ်းကာလ ၁ နှစ်ပြည့်ပြီးနောက် လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခံခြင်း**

- ACC မှ ဖွဲ့စည်းပေးသော လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လာရောက်စစ်ဆေးမှု အား ခံယူခြင်း၊
- လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ အကြံပြုချက်များကို ရက် ၃၀ အတွင်း လိုက်နာဖြည့်ဆည်း ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေကို ACC သို့ ပြန်လည်တင်ပြခြင်း။

**(၄.၄) ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးဌာန အတွက် သက်တမ်းတိုး လျှောက်ထားခြင်း/ ပယ်ဖျက်ခြင်း**

- သက်တမ်းတိုးလျှောက်ထားလိုပါက ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၂ နှစ် ကာလသက်တမ်းမပြီးဆုံးမီ ၃ လကြိုတင်၍ သက်တမ်းတိုးလျှောက်ထားနိုင်ခြင်း။
- သက်တမ်းမတိုးလိုပါက ပယ်ဖျက်ရန်အတွက် ACC သို့ ၃ လကြိုတင်၍ တင်ပြလျှောက်ထားခြင်း။

- ACC သို့ လျှောက်ထားရာတွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်အတိုင်း လိုက်နာ ဆောင်ရွက်ခြင်း။

**(၄.၅) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ လူ့စွမ်းအား အရင်းအမြစ် နှင့် စီမံခန့်ခွဲ အုပ်ချုပ်မှု ဆိုင်ရာ တာဝန်များဆောင်ရွက်ခြင်း**

- ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနတွင် လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုအဖွဲ့အား ဦးဆောင်ခြင်း (က) ငွေကိုင် ၊ (ခ) စာရင်းကိုင်၊ (ဂ) ကွန်ပျူတာ ၊ (ဃ) ဆက်သွယ်ပြန်ကြားရေး၊ (င) အထွေထွေအထောက်အကူပြုနှင့် ပတ်သက် သောလုပ်ငန်းများ၊
- ကျွမ်းကျင်မှု စစ်ဆေးရေး အကဲဖြတ်ရေးဌာန တာဝန်ခံသည် NSSA မှ ဖွင့် လှစ်သည့် စွမ်းရည်မြှင့် သင်တန်းများကို တက်ရောက်ခြင်း။
- လိုအပ်ပါက အထောက်အကူပြုအဖွဲ့ဝင်များကို NSSA ၏ သက်ဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းများသို့ စေလွှတ်ခြင်း။
- တာဝန်ခံ အနေဖြင့်ငွေကြေး စီမံခန့်ခွဲခြင်း ဆိုင်ရာလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ရှိရန် နှင့် အချိန်နှင့်တပြေးညီ NSSA/ ACC သို့ အစီရင်ခံ တင်ပြခြင်းများ လုပ်ဆောင်နိုင်ရန် လိုအပ်သည့် ပြင်ဆင်မှုနှင့် တာဝန်ခံမှု ရှိခြင်း။
- ငွေကြေးစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ NSSA မှ ထုတ်ပြန်ထားသော ညွှန်ကြားချက် များနှင့် အခါအားလျော်စွာ ထုတ်ပြန်မည့်ညွှန်ကြားချက် များကို လိုက်နာ ဆောင်ရွက် ခြင်း။
- ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံသည်—စစ်ဆေး အကဲဖြတ်ရေး လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်နိုင် ရန်အတွက် NSSA ၏ ISO 9001:2015 Quality Manual (NSSA) နှင့်အညီ ထုတ်ပြန်ထားသော မူဝါဒ လမ်းညွှန်ချက်၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ခြင်း။

## ၅။ တာဝန်ခံ မှ စီမံဆောင်ရွက်ရမည့် အချက်များ

အသိအမှတ်ပြု လက်မှတ်ရရှိထားပြီးသော ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေး ဌာနများ အနေဖြင့် စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အကောင် အထည် ဖော်ရန်နှင့် အသိအမှတ်ပြု လက်မှတ် သက်တမ်းတိုးခြင်းလုပ်ဆောင်ရန်အတွက် တာဝန်ခံအနေဖြင့် အောက်ဖော်ပြပါ လိုအပ်ချက်များကို စီမံ ဆောင်ရွက်ရမည်ဖြစ်သည်။

**(၅.၁) အခြေခံအဆောက်အဦးလိုအပ်ချက်များ**

အသိအမှတ်ပြုရန်လျှောက်ထားမည့် စစ်ဆေးအကဲဖြတ်ရေးဌာနများသည် အောက်ပါ တို့ကိုဖြည့်ဆည်းရန်လိုအပ်ပါသည်-

(က) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရာတွင် အရည်အသွေးပြည့်ဝစေရေးအတွက် ဝန်ထမ်း ဖွဲ့စည်းပုံနှင့် အထောက်အကူပြုပစ္စည်းများအား ပြည့်စုံလုံလောက်စွာ ဖြည့်တင်း ထားခြင်း ၊

(ခ) စာတွေ့အသိပညာ ဖြေဆိုမှုအတွက် သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် စစ်ဆေး မည့် ဦးရေ အပေါ် မူတည်၍ ရေးဖြေ ဖြေဆိုမည့် အခန်းအား သတ်မှတ်ထားရှိခြင်း နှင့် မဖြေဆိုမီတွင် ၎င်းအခန်းအား အဆင်သင့်ဖြစ်စေရန် စီစဉ်ခြင်း၊

စစ်ဆေးအကဲဖြတ်သူများအဖွဲ့ စစ်ဆေးအကဲဖြတ်လုပ်ငန်းများ ဆောင်ရွက်ရန် အခန်းထားရှိခြင်းနှင့် လိုအပ်သော အထောက်အကူပြုပစ္စည်းများ စီစဉ် ဆောင်ရွက်ထားရှိခြင်း၊

(ဂ) လက်တွေ့ အစစ်ဆေးခံရမှု အတွက် NSSA ၏အလုပ်အကိုင်အလိုက် အနည်းဆုံး သတ်မှတ်ချက်များအပေါ်မူတည်၍ ရှိရမည့် စက်ပစ္စည်း ကိရိယာ အရေအတွက် အား ပြည့်စုံလုံလောက် စွာ ထားရှိပေးခြင်း ၊ စစ်ဆေး အကဲဖြတ်မှု၌ တစ်စုံတစ်ရာ ပျက်စီးမှု ရုတ်တရက် ဖြစ်ပေါ်လာလျှင် အသုံးပြုရန် အနည်းဆုံး အပိုတစ်စုံစာ ထားရှိပေးခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနမှ လက်တွေ့ စစ်ဆေးမှုအား အခြားသော လက်တွေ့ နေရာ(ဆက်စပ် စက်ရုံ ၊အလုပ်ရုံ ၊ ကုမ္ပဏီ လုပ်ငန်းခွင်) နေရာ တစ်ခုခုတွင် ဆောင်ရွက်မည် ဆိုပါက ၎င်းစက်ရုံ ၊ အလုပ်ရုံ ၊ ကုမ္ပဏီ လုပ်ငန်းခွင်၏ သဘောတူညီမှု အပြင် ACC ၏ သတ်မှတ်ချက်များ နှင့်အညီ ခွင့်ပြုထားသောစာပါရှိခြင်း၊

(င) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ထားရှိခြင်း။

(စ) အထောက်အထား စာရွက်စာတမ်းများအား စနစ်တကျ ထိန်းသိမ်း ထားရှိခြင်း (ဖိုင်စနစ်– စာရွက်စာတမ်း ဖြင့်သိမ်းဆည်းခြင်း နှင့် ကွန်ပြူတာ စနစ်ဖြင့် သိမ်းဆည်းခြင်း)

(ဆ) စစ်ဆေးအကဲဖြတ်မှု ဆိုင်ရာ အချက်အလက်များ ၊ အစီအစဉ်များ ၊ အချိန်ဇယား များကို ကြိုတင်ကြေငြာနိုင်ရေး ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော အထောက်အကူပစ္စည်း (facilities) များထားရှိခြင်း ၊

(ဇ) စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ၊ အသုံး အဆောင် များနှင့် ပတ်သက်၍ စစ်ဆေးအကဲဖြတ်မှုခံယူသူများအပေါ် ခွဲခြား ဆက်ဆံမှု မရှိစေရန် ဆောင်ရွက်ခြင်း။

(၅.၂) **အထောက်အကူပြု အဖွဲ့ ဆောင်ရွက်ရန် လိုအပ်ချက်များ**

ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေး ဌာနများရှိ တာဝန်ခံ၊ ငွေကိုင်၊ ကွန်ပျူတာ အော်ပရေတာ နှင့် ဆက်သွယ်ပြန်ကြားရေး ဝန်ထမ်း (Liaison Staff) ပါဝင်သည့် အထောက်အကူပြု အဖွဲ့အနေဖြင့် အောက်ပါ တို့ကို စီမံဆောင်ရွက်ရပါမည်-

(က) သက်ဆိုင်ရာမှ လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူနိုင်ရမည်။

(ခ) စစ်ဆေး အကဲဖြတ်မှုမစတင်ချိန်နှင့် ပြီးမြောက်ချိန်တွင် မရိုးဖြောင့်သော နည်းလမ်းဖြင့် ပြုလုပ်ခြင်း နှင့် မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် မေးခွန်းနှင့် အဖြေလွှာများကိုလျှို့ဝှက် ထိန်းသိမ်းထားရှိရန် လုံခြုံသောနေရာရှိရ မည်။

(ဂ) ACC မှ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်များအား ဖြေဆိုသူများသို့ ပြန်လည်ထုတ်ပေးရန် တာဝန်ခံဝန်ထမ်းထား ရှိရမည်။လစဉ်ထုတ်ယူပြီးသော အခြေပြဇယားအား ACC သို့ အစီရင်ခံတင်ပြရမည်။

(ဃ) စစ်ဆေးအကဲဖြတ်ရေးဌာနရှိဝန်ထမ်းများအတွက် လေ့ကျင့်ရေးအစီအစဉ်များ ထားရှိ ရမည်။

(င) အခြားအသိအမှတ်ပြု စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် လိုအပ်သလို ပူးပေါင်း ဆောင်ရွက် နိုင်ရမည်။

(စ) ကိုယ်ကျိုးစီးပွားဆိုင်ရာ လွှမ်းမိုးမှုကို ရှောင်ကြဉ်ရမည်။

(ဆ) စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် အတွေ့အကြုံရှိသည့် အလုပ်ရုံအကူများ ထားရှိရမည်။

(ဇ) ကောင်းမွန်သော ဆက်ဆံရေးရှိရမည်။

(ဈ) စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ် အရည်အသွေးပြည့်မီစေရေး တာဝန်ခံနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၅.၃) **ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်း စဉ်အတွက် အထွေထွေ လိုအပ်ချက်များ**

တာဝန်ခံသည် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ အောက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရပါမည်-

(က) ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးရေး အစီအစဉ်နှင့် အချိန်ဇယားများအား အကဲဖြတ် စစ်ဆေးမှု မလုပ်မီ (၂) ပတ်ကြိုတင်၍ ACC သို့တင်ပြခြင်း၊

(ခ) အကဲဖြတ်စစ်ဆေးရေး အစီအစဉ်အား ACC ၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော်ခြင်း ၊ ကြီးကြပ်ခြင်း ၊ လိုအပ်သော အထောက်အကူပြု မှုများ ဆောင်ရွက်ခြင်း၊

(ဂ) ဖြေဆိုသူများ လျှောက်ထားသည့် CV Form မိတ္တူများနှင့် မှတ်တမ်းမိတ္တူ များကို ဖြေဆိုသည့် နေ့မှ စ၍ (၂) နှစ် အထိ ထိန်းသိမ်းထားရှိခြင်း၊

(ဃ) ဖြေဆိုပြီး (၇) ရက်အတွင်း စစ်ဆေးအကဲဖြတ်မှု အစီရင်ခံစာအား ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီသို့ ပေးပို့ခြင်း၊

(င) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီမှ လုပ်ထုံးလုပ်နည်းများအရ စေလွှတ် သော လုပ်ငန်းစဉ် စစ်ဆေးရေးအဖွဲ့ ၏စစ်ဆေးမှုအား ခံယူခြင်း ၊လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ပြင်ဆင်ထားရှိခြင်း၊

(စ) စစ်ဆေးအကဲဖြတ်သူအသစ်များ အတွက် လုပ်ငန်းခွင် လက်တွေ့ သင်တန်း (On the Job Training) များ ဆောင်ရွက်ရန် လိုအပ်ပါက စစ်ဆေးအကဲဖြတ်ရေးအဖွဲ့ခေါင်းဆောင် နှင့် ညှိနှိုင်း၍ စီစဉ်ပေးခြင်း။

**(၅.၄) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (Occupational Safety and Health) လိုအပ်ချက်များ**

NSSA အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာန (Accredited Assessment Center) များသည်စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ် မစတင်ခင်၊ ဆောင်ရွက်စဉ် အတောအတွင်း နှင့် ဆောင်ရွက်ပြီး ကာလများတွင် မလိုလားအပ်သော မတော်တဆ ဖြစ်ရပ်များ ၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ၊ ပတ်ဝန်းကျင်အပေါ် မလိုလားအပ်သော သက်ရောက်မှုများ မဖြစ်ပွားစေရန် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများ၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ လိုက်နာ ဆောင်ရွက်ရန် လိုအပ်မည်။

ထို့ကြောင့် တာဝန်ခံ များသည် မတော်တဆဖြစ်ရပ်များနှင့် ကျန်းမာရေး ဆိုင်ရာ ထိခိုက်မှုများ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်းအတွက် စစ်ဆေးအကဲဖြတ်ရေး ဌာနများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အစီအမံများကို NSSA မှ ထုတ်ဝေထားသော (Assessment Venue Management Manual) အားကိုးကား၍ လိုအပ်သလို ကျင့်သုံးရမည်။ မမျှော်လင့်သော မတော်တဆထိခိုက်မှုဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရန် အရေးပေါ်စီမံချက် ထားရှိရမည်။

## (၅.၅) အခြေခံ 5S စနစ်ကို ကျင့်သုံးလိုက်နာရန် လိုအပ်ချက်များ

စစ်ဆေးအကဲဖြတ်ရေးဌာနများသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးကို အထောက်အကူပြုစေရန်အတွက်လည်းကောင်း ၊ လုပ်ငန်းခွင်သုံး ပစ္စည်းကိရိယာများ စနစ်တကျ ထားသိုအသုံးပြုနိုင်ရန်အတွက်NSSA မှ ထုတ်ဝေထားသော (Assessment Venue Management Manual) အတိုင်း လိုက်နာ ကျင့်သုံးရမည်။

## (၅.၆) Mid-term inspection အတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန များအတွက် ပြင်ဆင်ထားရမည့် အချက်များ

ACC မှ ဖွဲ့စည်း တာဝန် ပေးအပ်သည့် စစ်ဆေးရေးမှူးများသည် မိမိ၏စစ်ဆေးအကဲ ဖြတ်ရေး ဌာနသို့ လုပ်ငန်းစစ်ဆေးမှု ပြုလုပ်ရန် လာရောက်ပါက တာဝန်ခံသည် အောက်ဖော်ပြပါ အချက်များကို ပြင်ဆင်ဆောင်ရွက် ထားရပါမည်-

(က) စီမံခန့်ခွဲမှုဆိုင်ရာ စာရွက်စာတမ်း ၊ အထောက်အထားများ ၊

(ခ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ စက်ပစ္စည်း၊ကိရိယာများ၏ အခြေအနေ နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးဆိုင်ရာ ဆောင်ရွက် ထားရှိမှု အခြေအနေ၊

(ဂ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာအထောက်အကူပြု facilities ၊ အဆောက်အဦ ၊ အလုပ်ရုံများနှင့် ပရိဘောဂများ၏ အခြေအနေ၊

(ဃ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ ဝန်ထမ်းများထားရှိမှု၊

(င) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်း အခြေအနေ၊

(စ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် ပတ်သက်သော စာရွက်စာတမ်း ၊ အထောက်အထားများ နှင့် အစီရင်ခံစာများ ထိန်းသိမ်းထားရှိမှု၊

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် ပတ်သက်သော စာရွက်စာတမ်းနှင့် အထောက် အထားများ ပြင်ဆင်ထားရှိရန် လိုအပ်ချက်တွင် အောက်ပါတို့ ပါဝင်မည်-

(က) စစ်ဆေးအကဲဖြတ်ခံယူသူများ၏ အမည်စာရင်းနှင့် အရေအတွက်

(ခ) စစ်ဆေးအကဲဖြတ်ခံယူသူများ၏ လျှောက်လွှာများ

(ဂ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးတွင်လိုအပ်သော စက်ပစ္စည်းကိရိယာ နှင့် အထောက်အကူပြု ပစ္စည်းများစာရင်း၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာများ၊

(င) စစ်ဆေးအကဲဖြတ်မှု အချိန်ဇယားများ ၊ အစီအစဉ်များနှင့် အကဲဖြတ်မှု ဆောင်ရွက်သော စစ်ဆေးအကဲဖြတ်ရေးမှူး (Assessor) များ၏ အမည်စာရင်း၊

(စ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးမှတ်တမ်း မှတ်ရာများ (Assessment Record) နှင့် အထောက်အထားများ ထိန်းသိမ်းထားရှိမှု (Maintenance of Evidences)

(ဆ) စစ်ဆေးအကဲဖြတ်မှုတွင် အရည်အချင်းပြည့်မီသူစာရင်းများ နှင့် ဓါတ်ပုံ မှတ်တမ်းများ

## ၆။ တာဝန်ခံ များ၏ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်

အောက်ဖော်ပြပါ ကျင့်ဝတ်တို့ကို လိုက်နာရမည်-

(က) သမာသမတ်ကျမှု၊ မျှတမှု၊ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှု၊ အမြော်အမြင်ရှိမှု စသည့်ကျင့်ဝတ်များနှင့် အညီပြုမူဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ်ရေးအကျိုးစီးပွားရှေ့တန်းတင်မှုကို ရှောင်ကြဉ်ခြင်း၊

(ဂ) လုပ်ငန်းခွင်၏ သဘောသဘာဝနှင့် အနေအထားတို့ကို ဂရုတစိုက် အလေးထား စီမံ ဆောင်ရွက်တတ်ခြင်း၊

(ဃ) သတ်မှတ်ထားသောညွှန်ကြားချက်များကို ကျေပွန်အောင် ကြိုးပမ်း ဆောင်ရွက်ခြင်း၊

(င) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိမှတ်ပြုလက်မှတ် ထုတ်ပေးရေး အစီအစဉ်များတွင် အရည်အသွေး အာမခံချက် ရှိစေရန် အလေးထားခြင်း၊

(စ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အလေးထား ကြီးကြပ် ဆောင်ရွက်ခြင်း

နောက်ဆက်တွဲ – **တာဝန်ခံမှ လိုက်နာဆောင်ရွက်ရမည့်** NSSA မှ သတ်မှတ်ထားသော **ပုံစံများ**

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံသည် လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရန် အတွက် အောက်ဖော်ပြပါ ပုံစံများကို ဖြည့်စွက်မှတ်တမ်းတင် ဆောင်ရွက်ပေးရပါမည်–

**နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာပုံစံ**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် ပြက္ခဒိန်နှစ် တစ်နှစ် ကုန်ဆုံးပါ က အဆိုပါ နှစ်အတွင်း ဆောင်ရွက်ခဲ့သော စစ်ဆေးအကဲဖြတ်မှုများကို **နောက်ဆက်တွဲ (က)**ပါ ပုံစံတွင် စစ်ဆေးအကဲဖြတ် ရေးဌာန တာဝန်ခံက ဖြည့်စွက်မှတ်တမ်းတင်၍ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး နှင့် အသိအမှတ်ပြုရေး ကော်မတီသို့ ရက်သတ္တပတ် နှစ်ပတ် အတွင်း တင်ပြရမည် ဖြစ်ပါသည်။

**(က) စုံစမ်းမေးမြန်းခြင်းများကို ဖြေရှင်းခြင်း**

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများအနေဖြင့် ကျွမ်းကျင်မှုစစ်ဆေးခံယူ သည့် လုပ်သား/သင်တန်းသားများက စစ်ဆေးအကဲဖြတ်သည့် စက်ကိရိယာများ၊ အသုံးပြုပစ္စည်းများနှင့် စပ်လျဉ်း၍ တစုံတရာ ကျေနပ်ခြင်းမရှိသဖြင့်စုံစမ်းမေးမြန်းလာပါက **နောက်ဆက်တွဲ (ခ)** ပါ ပုံစံကို အသုံးပြု၍ မေးမြန်းစေပြီး တာဝန်ခံက ဖြေရှင်း ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဖြေရှင်းဆောင်ရွက် ချက်များကို ACC သို့ အစီရင်ခံတင်ပြထားရမည်။

**(ခ) ထပ်ဆင့်စုံစမ်းမေးမြန်းခြင်း**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများအနေဖြင့် ကျွမ်းကျင်မှု စစ်ဆေးခံယူသည့် လုပ်သားများက စစ်ဆေးအကဲဖြတ်သည့် ရလဒ်များကို သော်လည်းကောင်း ၊ စုံစမ်းမေးမြန်းခြင်းအပေါ် ဆောင်ရွက်ချက်များကို သော်လည်းကောင်း ပြန်လည်သုံးသပ် စဉ်းစားပေးပါရန် ထပ်ဆင့်စုံစမ်း မေးမြန်းလိုပါက **နောက်ဆက်တွဲ (ဂ)** ပါ ပုံစံကို အသုံးပြု၍ တင်ပြစေရန်နှင့် ဖြေရှင်းပေးရန် တာဝန်ခံက ACC မှ ညွှန်ကြားချက်အတိုင်း ညှိနှိုင်းဆောင်ရွက်ပေးရပါမည်–

**(ဂ) စစ်ဆေးအကဲဖြတ်ခြင်း အပေါ် သုံးသပ်ဖြေကြားချက်**

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများသည် ကျွမ်းကျင်မှု စစ်ဆေးခံသူ များမှ စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်၍ သုံးသပ်ဖြေကြားချက်များကို စုစည်း၍ ပြန်လည်သုံးသပ်ပြီး

ဆောင်ရွက်ရန် အတွက် **နောက်ဆက်တွဲ (ဃ)** ပါ သုံးသပ်ဖြေကြားချက် ပုံစံကို အသုံးပြုနိုင်ရန် တာဝန်ခံက စီစဉ် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

ပုံစံ (က)

## နှစ်စဉ် အစီရင်ခံစာ

(ဤ အစီရင်ခံစာကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများမှ ပြက္ခဒိန်နှစ် တစ်နှစ်ကုန်ဆုံးပါက အဆိုပါ နှစ်အတွင်း ဆောင်ရွက်ခဲ့သော စစ်ဆေးအကဲဖြတ်မှုများကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး နှင့် အသိအမှတ်ပြုရေးကော်မတီသို့ ရက်သတ္တပတ် နှစ်ပတ်အတွင်း တင်ပြရန် ဖြစ်ပါသည်)

### ၁။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| ဌာန အမည် | | | |
| အလုပ်အကိုင် | | | |
| အသိအမှတ်ပြုလက်မှတ်အမှတ် နှင့် အသိအမှတ်ပြု ရက်စွဲ | | | |
| သက်တမ်းကုန်ဆုံးမည့် ရက်စွဲ | | | |
| လိပ်စာ | | ဖုန်း | |
| | | ဖက်စ် | |
| | | Email: | |

### ၂။ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှု အချက်အလက်များ /စစ်ဆေးအကဲဖြတ်မှု အကျဉ်းချုပ်

| စဉ် | ရက်စွဲ | စစ်ဆေးအကဲဖြတ်သည့် အလုပ်အကိုင် | စစ်ဆေးအကဲဖြတ်မှု ရလဒ် | | စစ်ဆေးအကဲဖြတ် ရေးမှူး အရေအတွက် | OJT စစ်ဆေး အကဲဖြတ် ရေးမှူး အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဖြေဆိုသူ | အောင်မြင်သူ | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | စုစုပေါင်း | | | | | |

၃။ တာဝန်ခံ  / အစီရင်ခံတင်ပြသူ

| | |
|---|---|
| လက်မှတ် | |
| အမည် | |
| ရက်စွဲ | |

ဌာနတံဆိပ်

**နောက်ဆက်တွဲ (ခ)**

## စုံစမ်းမေးမြန်းခြင်းစာ ပုံစံ

(ဤ စုံစမ်းမေးမြန်းခြင်းစာ ပုံစံကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှု စစ်ဆေးခံယူသည့် လုပ်သားများ က စစ်ဆေး အကဲဖြတ်သည့် စက်ကိရိယာများကို သော်လည်းကောင်း ၊ အသုံးပြုသည့် ပစ္စည်းများကိုသော်လည်းကောင်း ကျေနပ်ခြင်းမရှိပါကတိုင်ကြားရန် ဤပုံစံကို အသုံးပြုနိုင်ပါသည်)

**အပိုင်း (၁) ။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အချက်အလက်များ**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အမည် : ....................................................

စစ်ဆေးအကဲဖြတ်သည့် အလုပ်အကိုင် : ..................................................................

စစ်ဆေးအကဲဖြတ်သည့် ရက်စွဲ : ..........................................................................

**အပိုင်း (၂) ။ စုံစမ်းမေးမြန်းသူ၏ အချက်အလက်များ**

အမည် : ...........................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် : ............................................

လိပ်စာ: ............................................................................................................

............................................................................................................

ဖုန်း : ....................................................................

**အပိုင်း (၃) ။ စုံစမ်းမေးမြန်းလိုသည့် အကြောင်းအရာ**

(စုံစမ်းမေးမြန်းသည့် အဓိက အချက်များကို ရေးသားဖော်ပြပေးပါရန်)

(စုံစမ်းမေးမြန်းသော အကြောင်းအရင်းအတွက် ဖြေရှင်းပေးစေလိုသော ဆောင်ရွက်ချက်ကို ရေးသားဖော်ပြပေးပါရန်)

| |
|---|
| |

အထက်ဖော်ပြပါ အချက်အလက်များအားလုံးသည် မှန်ကန်ပါကြောင်း ဝန်ခံ အတည်ပြု အပ်ပါသည်။

(လက်မှတ်)

ရက်စွဲ ။

**ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနမှ အသုံးပြုရန်အတွက်သာ**

**ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ**

……………………………………………………………………………………………….

……………………………………………………………………………………………….

……………………………………………………………………………………………….

……………………………………………………………………………………………….

(လက်မှတ်)

**နောက်ဆက်တွဲ (ဂ)**

## ထပ်ဆင့်စုံစမ်းမေးမြန်းခြင်းပုံစံ

(ဤ ထပ်ဆင့်စုံစမ်းမေးမြန်းခြင်းပုံစံကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှု စစ်ဆေး ခံယူသည့် လုပ်သားများ(သို့မဟုတ်) လုပ်သားများကို စေလွှတ်သော လုပ်ငန်းရှင်များ က စစ်ဆေးအကဲဖြတ်သည့် ရလဒ်များကို သော်လည်းကောင်း ၊ တိုင်ကြားချက်အပေါ် ဆောင်ရွက်ချက်များကို သော်လည်းကောင်း ပြန်လည်သုံးသပ်စဉ်းစားပေးပါရန် ထပ်ဆင့်စုံစမ်းမေးမြန်းလိုပါက ဤပုံစံကို အသုံးပြုနိုင်ပါသည်)

**အပိုင်း (၁) ။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အချက်အလက်များ**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အမည် : ....................................................

စစ်ဆေးအကဲဖြတ်သည့် အလုပ်အကိုင် : ...............................................................

စစ်ဆေးအကဲဖြတ်သည့် ရက်စွဲ : ......................................................................

**အပိုင်း (၂) ။ ထပ်ဆင့်စုံစမ်းမေးမြန်းသူ၏ အချက်အလက်များ**

အမည် : ..........................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် : .................................................................

လိပ်စာ: ..............................................................................................

..................................................................................................................

ဖုန်း : ..............................................................................................

Email ..............................................................................................

**အပိုင်း (၃) ။ ထပ်ဆင့်စုံစမ်းမေးမြန်းလိုသည့် အကြောင်းအရာ**

(**ထပ်ဆင့်စုံစမ်းမေးမြန်း**လိုသည့် အဓိက အချက်များကို ရေးသားဖော်ပြပေးပါရန်)

| | |
|---|---|
| ☐ | **စုံစမ်းမေးမြန်းခြင်း**အပေါ် ဖြေရှင်းဆောင်ရွက်မှုကို **ထပ်ဆင့်စုံစမ်းမေးမြန်း**ခြင်း |
| ☐ | စစ်ဆေးသည့် ရလဒ်အပေါ် ပြန်လည်သုံးသပ်ပေးနိုင်ပါရန် **ထပ်ဆင့်စုံစမ်းမေးမြန်း**ခြင်း |

အထက်ဖော်ပြပါ အချက်အလက်များအားလုံးသည် မှန်ကန်ပါကြောင်း အတည်ပြုအပ်ပါသည်။

(လက်မှတ်)

ရက်စွဲ ။

**သတ်မှတ်တာဝန်ပေးအပ်ခံရသည့်အဖွဲ့မှ အသုံးပြုရန်အတွက်သာ**

**ဆောင်ရွက်ပြီးစီးမှု အခြေအနေ**

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................

**နောက်ဆက်တွဲ (ဃ)**

## ဖြေဆိုသူ၏သုံးသပ်ဖြေကြားချက်(Feedback Form)

(ဤသုံးသပ်ဖြေကြားချက် ပုံစံကိုကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ တွင် ကျွမ်းကျင်မှု စစ်ဆေးခံသော လုပ်သား များမှ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဖြေကြားပေးရန် အတွက် အသုံးပြုနိုင်ပါသည်။

**အပိုင်း (၁) ။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အချက်အလက်များ**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အမည် : ....................................................

စစ်ဆေးအကဲဖြတ်သည့် အလုပ်အကိုင် : ..............................................................

စစ်ဆေးအကဲဖြတ်သည့် ရက်စွဲ : ....................................................................

**အပိုင်း (၂) ။ ဖြေဆိုသူ၏ အချက်အလက်များ**

အမည် : ..........................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် : ..........................................

လိပ်စာ: ...................................................................................................

.............................................................................................................

ဖုန်း : ...................................................................

**အပိုင်း (၃) ။ ဖြေဆိုသူမှ ဖြေကြားရန် အချက်အလက်များ**

( အောက်ပါအချက်များကို သက်ဆိုင်ရာ အကွက်များတွင် အမှတ်ခြစ်၍ ဖြေကြားပေးပါရန်)

| စဉ် | အကြောင်းအရာ | ကောင်း | သင့် | ညံ့ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၏ တည်နေရာ | | | | |
| ၂ | စစ်ဆေးအကဲဖြတ်သည့်နေရာများ၏ အကျယ်အဝန်း | | | | |
| ၃ | စစ်ဆေးအကဲဖြတ်ခြင်း အတွက်အသုံးပြုသည့် စက်ကိရိယာများ၊ လက်သုံးကိရိယာများ၏သုံးစွဲနိုင်မှုအခြေအနေ | | | | |
| ၄ | စစ်ဆေးအကဲဖြတ်ခြင်း အတွက် အသုံးပြုသည့် ပစ္စည်း များ၏သုံးစွဲနိုင်မှုအခြေအနေ | | | | |
| ၅ | စစ်ဆေးအကဲဖြတ်ခြင်းတွင် ဖြေဆိုသူများကို မျှတစွာ စစ်ဆေးခြင်း ရှိ/မရှိ | | | | |
| ၆ | ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်း အစီအစဉ်များ အပေါ် ကျေနပ်ခြင်း ရှိ/မရှိ | | | | |
| ၇ | စစ်ဆေးအကဲဖြတ်ရေးဌာန၏ ဝန်ဆောင်မှု | | | | |

ACCREDITATION OF ASSESSMENT CENTER

**SELF-ASSESSMENT CHECKLIST**

**(to use for self-assessment for conformity with set criteria)**

| Title of Program and Level | | | |
|---|---|---|---|
| A. PHYSICAL STRUCTURE | | | |
| Item | Quantity | | Remarks |
| | Required | Existing | |
| A.1 Location and Area | | | |
| A.1.1 Assessment area | Minimum area provided to permit ample workplace for candidates | | |
| A.2 Lighting and Ventilation | | | |
| A.2.1 Assessment room or laboratories | Well lighted | | |
| A.2.2 Air conditioning unit | Optional | | |
| A.2.3 Blowers/fans | Quantity shall be according to the size of the room | | |
| A.3 Auxiliary Room | | | |
| A.2.1 Storeroom | Storeroom for tools, materials | | |
| | Bins/racks for critical materials | | |
| A.2.2 Room for performance assessment | Must be able to accommodate for appropriate candidates/ batch; | | |
| A.2.3 Chairs and tables | | | |
| A.2.4 Comfort rooms | Clean and functional | | |
| | Separate for male and female | | |

| | | | |
|---|---|---|---|
| | Located at convenient part of the building | | |
| A.4 Assessment Equipment, Hand tools, Supplies, Materials | | | |
| A.2.1 Equipment | In accordance with the list in the Competency Assessment of the NSSA Qualification/s applied for | | |
| A.2.2 Hand tools | | | |
| A.2.3 Supplies, materials | | | |
| A.5 Safety Provisions | | | |
| A.2.1 Medicine cabinet | With first aid kit and other medical instruments | | |
| A.2.2 Open floor spaces | Entrances and exits are maintained | | |
| A.2.3 Work stations, tool panels and equipment | Are appropriately grouped to provide ease of movement; | | |
| A.2.4 Fire extinguishers | Functional | | |
| | Located in conspicuous and highly accessible locations/ places | | |
| A.2.5 Equipment lay out | Arranged according to sequence of operations to allow maximum use of resources; | | |
| B. Administrative | | | |
| B.1 Documentary Requirements | 1. Company Registration or equivalent | | |
| | 2. Business Permit(YCDC) or others | | |
| | 3. Other Registration | | |
| | 3. Building lay out/ Floor plan | | |

| | | | |
|---|---|---|---|
| B.2 Communication Facilities | 1. Telephone | | |
| | 2. Fax machine/ Internet connection | | |
| | 3. Computer with peripherals | | |
| B.3 Staff Complement | | | |
| B.3.1. Manager | | | |
| B.3.2. Cashier | | | |
| B.3.3. Computer Operator/ Data Encoder | | | |
| List of Tools and equipment shall be based on the requirements identified in NSSA Skills Assessment Plan | | | |

## မှီငြမ်းစာရင်း


1. Fast Track First Round Report for Assessment and Certification, NSSA, (giz and Swiss), 2014

2. NSSA Framework for Assessment Venues First survey on optional locations for the 2nd and 3rd round of the pilot project, Supported by giz, 2015

3. Manual for Quality assurance of assessment and accreditation of assessment centres, Bangladesh Technical Education Board, supported by ILO

4. Guide to Scottish Vocational Qualifications (SVQs)

5. Internal Verification- A Guide for Centres, SQA

6. Guidelines for the Quality Assurance of TVET Qualifications in the Asia-Pacific Region, UNESCO 2017

7. Accreditation and Quality Assurance in Vocational Education and Training, CEDEFOP

8. ASEAN Guiding Principles for Quality Assurance and Recognition of Competency Certification Systems, adopted at the 24th ALMM

9. ISO 9001, 2015 Quality Management System (QMS)

10. ISO 17024, 2014 Conformity assessment — General requirements for bodies operating certification of persons

## လမ်းညွှန်ချက်များ

**ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန**

**တာဂန်ခံ**


**NSSA Office (Naypyitaw)**
Department of Labour
Ministry of Labour, Immigration and Population
Office No.51, Naypyitaw
Tel. +95 6 743 0435

**NSSA Technical Office (Yangon)**
Department of Labour
Ministry of Labour, Immigration and Population
No. 298, Myanandar Street, 13 ward,
Yankin Township, Yangon
Tel. +95 1 856 0127

**NSSA Technical Office (Mandalay)**
Department of Labour
Ministry of Labour, Immigration and Population
H-250, Industrial Zone (2),
Kanaungminthargyi Street, Between 47x48,
Pyigyitagon Township, Mandalay
Tel. +95 2 515 2372

**www.nesdmyanmar.org**

**nssatechnicalofficeygn@gmail.com**

**skillsdevelopmentdivision.dol@gmail.com**



Photo: © Lu Lu Zaw Aung, Min Zaw Oo, Hla Thida